**၂၀၁၉ဘဏ္ဍာနှစ် (Mini Budget Financial Year) နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် အမြတ်ဝေစုခံစားခွင့် ရရှိစေမည့် အစုရှယ်ယာရှင်များကို အတည်ပြုမည့်ရက် နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် သတ်မှတ်ချက်ကို အသိပေးကြေညာခြင်း**

တီအမ်အိတ်ချ် တယ်လီကွမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များမှ ထုတ်ပြန်ကြေညာသည်မှာ ၂၀၂၀ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့တွင် ကျင်းပသည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ အတည်ပြုချက်အရ ၂၀၁၉ဘဏ္ဍာနှစ် (Mini Budget Financial Year ၂၀၁၉ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၁၉ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့အထိ) နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (၂၀၁၉ခုနှစ် အောက်တိုဘာလ ၁ရက်မှ ၂၀၂၀ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့ အထိ)အတွက် အမြတ်ဝေစု ခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို **၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့ (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များ အဖြစ် အတည်ပြုမည့်ရက် - Record Date**) တွင်ရှိသော အစုရှယ်ယာရှင်များ စာရင်းအရ သတ်မှတ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

TMH ကုမ္ပဏီသည် ၂၀၁၉ ဘဏ္ဍာနှစ် (Mini Budget Financial Year) နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် အဆိုပြုထားသည့် အမြတ်ဝေစု ပမာဏသတ်မှတ်ချက် နှင့် အမြတ်ဝေစု ခွဲဝေပေးမည့် နေ့ရက်ကို ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများအား ပြင်ပစာရင်းစစ်မှ စစ်ဆေးအတည်ပြုပြီးသည့်အချိန်တွင် ဒါရိုက်တာအဖွဲ့မှ အစည်းအဝေး ကျင်းပ၍ အတည်ပြုချက်ရယူပြီးနောက် အစုရှယ်ယာရှင်များသို့ ထပ်မံ၍ အသိပေးကြေညာမည် ဖြစ်ပါသည်။

၂၀၁၉ ဘဏ္ဍာနှစ် (Mini Budget Financial Year) နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွက် အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များကို အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစု ခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

| **နေ့ရက်များ** | **အကြောင်းအရာ** |
|---|---|
| နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်နေ့ရက် | ၂၀၂၀ခုနှစ် ၊ ဒီဇင်ဘာလ (၂၀)ရက်နေ့ |
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ရက် (Last Day to Trade) | ၂၀၂၀ခုနှစ် ၊ နိုဝင်ဘာလ (၃)ရက်နေ့ |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်နေ့ရက် (Ex Day) | ၂၀၂၀ခုနှစ် ၊ နိုဝင်ဘာလ (၄)ရက်နေ့ |
| အမြတ်ဝေစုခံစားခွင့် ရရှိမည့် အစုယ်ယာရှင်အဖြစ်အတည်ပြုမည့်နေ့ရက် (Record Day) | ၂၀၂၀ခုနှစ် ၊ နိုဝင်ဘာလ (၆)ရက်နေ့ |

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၀ခုနှစ် ၊ အောက်တိုဘာလ (၁၉)ရက်။

**Address : No. 54, Eastern Business Centre,Level 5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**

**Phone : +951 8550348, +951 8550936**

**Website: www.tmhtelecom.com**